# ၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၆။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေတွင်၊ ပုဒ်မ ၅ နှင့် ၁၁ တို့ကိုပယ်ဖျက်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၅ နှင့် ၁၁ တို့ကို ပယ်ဖျက်ခြင်းကြောင့်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့များ၏၊ အဆိုပါအက်ဥပဒေအရ ဆောင်ရွက်မှုများရပ်စဲသွားစေကာမူ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရက အခြားနည်းညွှန်ကြားခြင်းမပြုသေးသမျှ၊ ထိုအဖွဲ့များပိုင်သည့် ပစ္စည်းအားလုံးသည်၊ ၎င်းတို့၌တည်ရှိမြဲတည်ရှိရမည့်ပြင်၊ ထိုအဖွဲ့များ၏ ကြွေးမြီတာဝန် အားလုံးသည်လည်း၊ ၎င်းတို့အပေါ်သက်ရောက်မြဲသက်ရောက်ရမည်။

၄။ ။(၁) နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကဖြစ်စေ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ကဖြစ်စေ အဆိုပါ အက်ဥပဒေအရ ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်တာ အဝဝနှင့်၎င်း၊ ထိုအဖွဲ့က ထားရှိသော စာရင်းအင်းအားလုံးနှင့်၎င်း၊ ထိုအဖွဲ့ပိုင်ပစ္စည်းအားလုံးနှင့်၎င်း၊ ထိုအဖွဲ့၏ ကြွေးမြီတာဝန်အားလုံးနှင့်၎င်း စိစစ်လျှင်း၍ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုပြုရန်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မီတီတခုကိုခန့်ထားလိုက်သည်။

(က) ဦးလွန်းဘော်၊ ဥက္ကဋ္ဌ၊ ရာဇဝတ်ဝန်အဖွဲ့—ကော်မီတီဥက္ကဋ္ဌ။
(ခ) ဦးဘခင်၊ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာန၊ ညွှန်ကြားရေးဝန်နှင့် နိုင်ငံတော် တော်လှန်ရေးအစိုးရ စာရင်းနှင့်စာရင်းကိုင်သင်တန်းကျောင်းအုပ်ကြီး။
(ဂ) ဦးလှမောင်၊ ဒုတိယညွှန်ကြားရေးဝန်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်။
(ဃ) ဦးပါလွင်၊ ဒေသန္တရရုံပုံငွေစာရင်းစစ်ဝန်။

(၂) ကော်မီတီသည်၊ ၁၉၅၀ ပြည့်နှစ်၊ စုံစမ်းရေးကော်မီတီများ အက်ဥပဒေအရ ခန့်ထားသောကော်မီတီဖြစ်သည်ဟု မှတ်ယူရမည်။

၅။ ။စုံစမ်းစစ်ဆေးမှု ဆုံးခန်းတိုင်ရောက်သည့်အခါ၊ ကော်မီတီက၊ ဖိမိတွေ့ရှိသော အချက်များနှင့် ထောက်ခံချက်များကို ဖော်ပြ၍ရေးသား၍၊ နိုင်ငံတော် တော်လှန်ရေးအစိုးရထံသို့ အစီရင်ခံရမည်။